ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

ဂဲကြီးအောက်စုကျေးရွာ၊ ရွှေပန်းတောအုပ်စု

၂၀၁၇ ခုနှစ် | ကြံခင်းမြို့နယ်

မာတိကာ


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်ချောင်း
ကျောက်နီချောင်း
မှုင်ပါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ရခိုင် ပြည်နယ်
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

၂။ကြံခင်းမြို့နယ် ရွှေပန်းတောကျေးရွာအုပ်စုပြမြေပုံ




ရွှေပန်းတော ကျေးရွာအုပ်စု ပြမြေပုံ

၃။ ရွှေပန်းတောအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

(၁) ဂဲကြီးအောက်စု

(၂) ထန်းကုန်း

(၃) မင်းတဲကြီး

(၄) မရမ်းချို

(၅) မုန့်ထုပ်

(၆) ရွာသစ်ကုန်း

(၇) ဂဲကြီး

(၈) ရွှေပန်းတော

၄။ကျေးရွာအခြေခံအချက်အလက်များ

## ဝဲကြီးအောက်စုကျေးရွာအခြေခံအချက်အလက်များ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ရွှေမှန်တော်အုပ်စုတွင် ဝဲကြီးအောက်စုကျေးရွာတည်ရှိပါသည်။ ဝဲကြီးအောက်စုကျေးရွာကို ကြံခင်း - သဲမြို့လမ်းမှ မင်းတဲ၊ ဝဲကြီးသွားရာလမ်းကို ဖြတ်၍ သွားရသောရွာလေးတစ်ရွာဖြစ်ပါသည်။ ရွာ၏ အရှေ့မြောက်ဖက်တွင် မားတစ်ရှဉ်းချောင်းရှိပါသည်။

ဝဲကြီးအောက်စုကျေးရွာသည် ဝါးတောများရှိ၍ ဝါးလုပ်ငန်းသည် မိုးရာသီ၏ အဓိကထွက်ကုန်လုပ်ငန်းဖြစ်သည်။ ဝဲကြီးအောက်စုကျေးရွာ၏ လယ်စိုက်ခင်းများမှာ ရာသီအလိုက် စပါး၊ တောင်ယာပဲခင်း၊ မတ်ပဲခင်းများ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

ဝဲကြီးအောက်စုကျေးရွာတွင် ကျေးရွာလူထုမှဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့များနှင့် အုပ်ချုပ်ရေးအဖွဲ့၊ World Vision အဖွဲ့များလည်းရှိကြပါသည်။ ကျေးရွာ၏အခြေအနေ၊ အချိန်အခါ လိုအပ်ချက်ပေါ်မူတည်ပြီး အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု ချိတ်ဆက်ကာ ပူးပေါင်းဆောင်ရွက်ကြပါသည်။

ဝဲကြီးအောက်စုကျေးရွာ၏ ပညာရေးသင်ယူမှုတွင် မူလတန်းပညာရေးကို ကျေးရွာမူလတန်းကျောင်းတွင်လည်း

ကောင်း၊ အလယ်တန်းနှင့် အထက်တန်းပညာရေးကို ကြုံခင်းမြို့ အထက်တန်းကျောင်းတွင် လည်းကောင်း သွားရောက်ပညာသင် ကြားကြပါသည်။

ကျန်းမာရေးအခြေအနေမြင့် ကျေးရွာဆေးပေးခန်းမရှိသဲ နီးစပ်ရာ ကျေးရွာ၊ မြို့နယ်များသို့ သွားရောက်ဆေးကုသမှုခံယူရ ပါသည်။ ဝဲကြီးအောက်စုကျေးရွာသူ၊ ကျေးရွာသားများသည် ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများသာ ဖြစ်ကြပြီး ဥပုသ်သီတင်းသောက် တည်ရာတွင် ဝဲကြီးဘုန်းကြီးကျောင်းတွင် သွားရောက် ကုသိုလ်အမှု ပြုကြပါသည်။


ဝဲကြီးအောက်စုကျေးရွာသည် နှစ်ပေါင်း(၁၀၀)ကျော် ရှိပြီး ရွာလမ်းမရှည်တစ်ခုသာရှိပြီး ရွာတန်းရှည်ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာလေးသည် နှစ်စဉ်ချောင်းရေလျှံခြင်းကို ခံစားရ ပါသည်။ ထို့ကြောင့် မိုးရာသီတွင် လမ်းပန်းခက်ခဲခြင်းကို နှစ်စဉ် ရင်ဆိုင်ကြရပါသည်။ သောက်ရေသုံးရေ မသန့်ရှင်းမှုဒဏ်ကိုလည်း ခံစားရပါသည်။ ဝဲကြီးကျေးရွာနှင့် ဝဲကြီးအောက်စုကျေးရွာ နှစ်ရွာ ချင်းဆက်လမ်းရှိ တောင်ကုန်းလေးပေါ်တွင် ဘုန်းကြီးကျောင်းနှင့် သစ်သားတာထောင်သည့် အဆောင့်လည်း ရှိပါသည်။ ရွာလေးမှာ အိမ်ခြေ(၃၀)ရှိပါသည်။

ဓါးကြီးအောက်စုကျေးရွာတွင် နေထိုင်သောကျေးရွာသူ၊ ကျေးရွာသားများသည် လယ်ပိုင်ရှင်ဦးရေမှာ ဒုဂဏန်းမျှသာရှိပြီး ကျပန်းအလုပ်နှင့် အသက်မွေးဝမ်းကြောင်းပြုနေသော လက်လုပ်လက်စားဦးရေမှာ အလွန်ပင်များပြားနေပါသည်။ သို့သော် ကျေးရွာသူ၊ ကျေးရွာသားများသည် ရိုးသားခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်း၊ အလှူအတန်းရက်ရောခြင်း၊ ပူးပေါင်းပါဝင်တတ်သောအလေ့အထများ စသည်တို့ဖြင့် ပြည့်စုံပြီး အေးချမ်းသာယာသော ရွာလေးတစ်ရွာ ဖြစ်ပါသည်။

| ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ် W605 | | | | | | | |
|---|---|---|---|---|---|---|---|
| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ | ၁၃.၁၂.၂၀၁၆ | ရပ်မိရပ်ဖ ကော်မတီဝင်များ ရပ်ရွာလူထုများ | ၆ | ၁၇ | ၂၃ | -ဒေသတွင်း သဘာဝအရင်းအမြစ်များ<br>-လူမှုအဆောက်အအုံများ<br>-ဘာသာရေး အဆောက်အဦများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် | ၁၃.၁၂.၂၀၁၆ | ကော်မတီဝင် များနှင့် ရပ်ရွာလူထုများ | ၆ | ၁၇ | ၂၃ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လ အလိုက်ဝင်ငွေများ၊အလုပ်အကိုင်အ ခွင့်အလမ်းများ၊ပွဲတော်များ၊သဘာဝ ဘေးများ၊လယ်ယာလုပ်ငန်းနှင့် အခြား လုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း | ၁၃.၁၂.၂၀၁၆ | ချမ်းသာ၊အလယ် အလတ်၊နွမ်းပါး အလွန်နွမ်းပါးအုပ်စု | ၆ | ၁၇ | ၂၃ | -ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြား သတ်မှတ်နိုင်ရေး<br>-အဆင့်အလိုက် အခြေခံစံနှုန်းများ၊ အများသဘောတူ သတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှုစီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ | ၁၃.၁၂.၂၀၁၆ | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊အခြားအဖွဲ့ တွင်ပါဝင်သူများ | ၆ | ၁၇ | ၂၃ | -ကျေးရွာတွင်း၊ပြင်ပရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ |
| ၅ | ပင့်ကူအိမ်ကွန်ယက် | ၁၃.၁၂.၂၀၁၆ | ကျေးရွာရှိအမျိုးသား များနှင့်အမျိုးသမီး များ | ၆ | ၁၇ | ၂၃ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှု အချိုး၊အမျိုးသားနှင့်အမျိုးသမီးတို့ တန်းတူအခွင့်အရေးရရှိမှု သုံးသပ်ချက် |
| ၆ | အရင်းအမြစ်များအ ပေါ်အသုံးချနိုင်မှု လွှမ်းမိုးမှုနှင့်ဆုံးဖြတ် ချက်ချနိုင်မှု | ၁၄.၁၂.၂၀၁၆ | ကျေးရွာအမျိုးသား များနှင့်အမျိုးသမီး များ | ၈ | ၁၇ | ၂၅ | -အရင်းအမြစ်များပေါ်တွင်(ကျား/မ)အ သုံးချနိုင်မှု၊ထိန်းချုပ်မှုတွင်မည်သည့်အ ကြောင်းကြောင့်နည်း၊<br>-မည်သို့ညီမျှစွာ ခံစားခွင့်ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ | ၁၄.၁၂.၂၀၁၆ | ကော်မတီဝင်များနှင့် ရပ်ရွာလူထုများ | ၈ | ၁၇ | ၂၅ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောက်အ ယှက် အတားအဆီးအခက်အခဲများ။<br>- လိုအပ်ချက်များ |
| ၈ | ကျေးရွာမျှော်မှန်း ချက်များ | ၁၄.၁၂.၂၀၁၆ | ကော်မတီဝင်များနှင့် ရပ်ရွာလူထုများ | ၈ | ၁၇ | ၂၅ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေမျှော် မှန်းထားသလဲ။<br>-ဘာကြောင့် မျှော်မှန်းထားသလဲ |
| ၉ | ကျေးရွာဦးစားပေးလုပ် ငန်းများ | ၁၄.၁၂.၂၀၁၆ | ကော်မတီဝင်များ ရပ်ရွာလူထုများနှင့် တက်ရောက်သူအား လုံး။ | ၈ | ၁၇ | ၂၅ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က)လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်




လူမှုအရင်းအမြစ်ပြမြေပုံ

## ဝဲကြီးအောက်စုကျေးရွာလူမှုနှင့် သဘာဝအရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်

ဝဲကြီးအောက်စုကျေးရွာ၏ ကျေးရွာတည်ရှိပုံ၊ လယ် အနေအထား၊ သဘာဝအရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို ကျေးရွာလူထုကိုယ်တိုင် သိရှိစေရန် နှင့် ထိုအရင်းအမြစ်များကို အသုံးချတတ်စေရန် ဖြစ်ပါသည်။

### အခြေခံအဆောက်အအုံ

ဝဲကြီးအောက်စုကျေးရွာသည် နှစ်စဉ်ချောင်းရေလျှံ ခြင်းကြောင့် မြေဩဇာလယ်မြေများပျက်စီးခြင်းကြောင့် လယ်များ ပြုပြင်ရန်လည်း လိုအပ်ကြောင်း သိရှိရပါသည်။ ချောင်းရေလျှံခြင်း ကြောင့် ရေသောက်ရှင်းမှုများရှိသည်ကိုလည်း သိမြင်ခဲ့ရပါသည်။ လူမှုအရင်းအမြစ်ပြမြေပုံအရ ကျေးရွာတွင် ပညာရေး၊ ကျန်းမာ ရေး၊ လူမှုရေးဆိုင်ရာအခြေခံ အဆောက်အအုံများကို မတွေ့ရ၍ ကျေးရွာ၏ လိုအပ်သောအခြေခံအဆောက်အအုံများကို ရွာလူထုမှ သိမြင်သုံးသပ်နိုင်ခဲ့ပါသည်။


### စီးပွားရေး နှင့် အရင်းအမြစ်

ရွာတွင် ငါးသောင်များရှိ၍ ငါးလုပ်ငန်းလုပ်ကိုင်ကြ ပါသည်။ ရွာတွင်ရှိသော လယ်ကွက်များသည် ရာသီမရွေးရာသီ သီးနှံများ စိုက်ပျိုးနိုင်ပြီး ပေါ်၊ တောင်ယာ၊ ပဲခင်း၊ မြေပဲခင်းများ စိုက်ပျိုးလျက်ရှိကြောင်း သိရပါသည်။

ဝဲကြီးအောက်စုကျေးရွာ၏ နောင်(၅)နှစ်တာ မျှော်မှန်းချက်၊ လိုအပ်သောလုပ်ငန်းများ ရွေးချယ်ဖော်ထုတ်ရာ တွင် အသေးစိတ်နေရာအနေအထား၊ လျာထားမှု၊ ရွာရှိအရင်း အမြစ်များလုံလောက်စွာ အသုံးချနိုင်မှု စသည့်အချက်အလက်များ ကို သိမြင်ဖော်ထုတ်နိုင်ခဲ့ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်




ရာသီခွင်ပြ ပြက္ခဒိန်

# ရာသီဥတုပြောပြကဏ္ဍ (သုံးသပ်ချက်)

ဝဲကြီးအောက်ရွာ ကျေးရွာ၏ ရာသီဥတုကို လေ့လာဆန်းစစ်ခြင်းအားဖြင့် ကျေးရွာ၏ အစားအစာစားသုံးမှု၊ ရာသီဥတု၊ စီးပွားရေး နှင့် လုပ်ငန်းခွင်အခြေအနေတို့ကို သိရှိနိုင်သည်။

ကျေးရွာ၏ ရာသီဥတုသည် တပို့တွဲမှ ကဆုန်လလယ်ထိ ပူပြင်း ခြောက်သွေ့ပြီး နယုန်လမှ သီတင်းကျွတ်လလယ်အထိ မိုးရွာသွန်းပါသည်။ ကျန်လများတွင် နံက်အစောပိုင်း နှင်းကျ၍ ချမ်းအေးကာ နေ့ပိုင်းတွင် ပူပြင်းပါသည်။


ဝဲကြီးအောက်ရွာကျေးရွာ၏ အသက်မွေးမှုအလုပ်အကိုင်မှာ လယ်ယာ၊ ပဲစိုက်၊ ဝါးခုတ် နှင့် မန်းကျည်းသီး ရောင်းဝယ်ခြင်း လုပ်ငန်းတို့ လုပ်ကိုင်ကြသည်။ ဝင်ငွေအားဖြင့် စပါးပေါ်ချိန်၊ ပဲပေါ်ချိန်၊ ဝါးခုတ်ချိန် နှင့် မန်းကျည်းသီး ရောင်းချိန် တို့တွင် ဝင်ငွေကောင်းသည်၊ တန်ခူး၊ တော်သလင်း သီတင်းကျွတ်လတို့တွင် အလုပ်နည်းပါးသည်။

ရာသီကူးပြောင်းကာလများတွင် ဖျားနာခြင်း၊ နှာစေး ချောင်းဆိုးဖြစ်လေ့ရှိပြီး ကျန်ကာလများတွင် ကျန်းမာကြပါသည်။ ရာသီအလိုက် ပွဲတော်များ ကျင်းပလေ့ရှိသည်။

ကျေးရွာ၏ ဒေသထွက်သီးနှံများကို ရာသီအလိုက် စားသုံးကြပါသည်။ မိုးဦးကျ ချောင်းရေလျှံပါက ရွာထဲသို့ ရေဝင် ရေလျှံ တတ်သည်။ ကျန်ကာလများတွင် ဘေးအန္တရာယ် ကျရောက်မှုမရှိပါ။ ဤကဲ့သို့ ဆန်းစစ်ခြင်းများဖြင့် ကျေးရွာ၏ အခြေအနေ အရပ်ရပ်ကို ရှုမြင်သုံးသပ်နိုင်ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>



အုပ်စု - ရွှေပန်တော
ကျေးရွာ - ဝဲကြီးအောက်စု

ဥစ္စာဓနကြွယ်ဝမှုဇယား

ရက်စွဲ - ၁၄ . ၁၂ . ၂၀၁၆

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအုပ်စု | ခွပ်မိုး၊ တိုက်ခံအိမ်၊ ကိုင်း၊ ဖောက်ကား၊ ဝါးဖြူ၊ လယ် (၁၀) ဧက၊ ရေရှပ်စက်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဆိုလာမီး၊ တီဗွီ၊ ကိုင်းနက်၊ လက်စက်ရက်ကန်း၊ ဘွဲ့ရသည်အထိကျောင်းထားနိုင်၊ ဆေးရုံ၊ ဆေးခန်းများသွားရောက်ပြသနိုင်၊ နွား၊ လှည်း၊ | ၄ | ၁၂.၉ % |
| အသင့်အတင့် အဆင်ပြေသော အုပ်စု | ခွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ လယ် (၅) ဧက၊ ကိုင်း၊ ဝါးဖြူ၊ ရေရှပ်စက်၊ ဆိုင်ကယ်၊ စက်ဘီး၊ နွား၊ လှည်း၊ ဆိုလာမီး၊ တီဗွီ၊ ကိုင်းနက်၊ လက်ဝတ်ရတနာ အနည်းငယ်၊ ဘွဲ့ရသည်အထိကျောင်းထားနိုင်၊ ဆေးရုံ၊ ဆေးခန်းများ ကုသနိုင်။ | ၂၄ | ၇၇.၄ % |
| မပြေလည်သောအုပ်စု | သက်ကယ်မိုး၊ ထရံကာ၊ ကြမ်းခင်း၊ ဆိုင်ကယ်၊ စက်ဘီး၊ ကျပန်းအလုပ်၊ ကလေးများကို အလယ်တန်းအထိ ကျောင်းထားနိုင်၊ ဆေးရုံ၊ ဆေးခန်းကို သွားရောက်ကုသနိုင် (ချေးငှား၊ ကူညီပံ့ပိုးမှုဖြင့်) | ၃ | ၉.၇ % |
| ဆင်းရဲသောအုပ်စု | - | - | - |
| ပါဝင်ဆွေးနွေးသူ - အမျိုးသား - ၆ အမျိုးသမီး - ၁၇ | စုစုပေါင်း | ၃၁ | ၁၀၀ % |

<u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း</u>

# လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

ဝဲကြီးအောက်စုကျေးရွာ၏ လူမှုစီးပွားအဆင့် သတ်မှတ်ချက်များအား လေ့လာခြင်းဖြင့် ကျေးရွာ၏ စီးပွားရေး အခြေအနေကို သိရှိနိုင်ပါသည်။


ဝဲကြီးအောက်စုကျေးရွာ၏ မပြေလည်သောအုပ်စု (၅) စု ရှိပါသည်။ ၎င်းအိမ်ထောင်စုများသည် ထရံကာ သက်ကယ်မိုး၊ ကြမ်းခင်း အိမ်များဖြစ်၍ ကျပန်းလုပ်ကိုင် ရှာဖွေစားသောက်ကြသည်၊ ကလေးများအား အလယ်တန်း အဆင့်ထိ ကြိုးစားကာ ကျောင်းထားနိုင်သည်၊ ဆေးရုံ၊ ဆေးခန်းသို့ အကူအညီတောင်း ၊ ချေးငှားကာ သွားရောက် ကုသကြရပါသည်။

အသင့်အတင့် အိမ်ထောင်စု (၂၄) စုရှိကာ ချမ်းသာသော အိမ်ထောင်စု (၄) စု ရှိပါသည်။ သွပ်မိုး ပျဉ်ထောင်အိမ်များဖြင့်နေထိုင်ကြပြီး၊ လယ်လုပ်ငန်း၊ ကိုင်းစိုက်ပျိုးခြင်းများ လုပ်ကိုင်ကြသည်၊ ကလေးများကိုဘွဲ့ ရသည်အထိ ကျောင်းထားနိုင်ပြီး၊ ဆေးခန်း ဆေးရုံများသို့ သွားရောက်ကုသမှုခံယူနိုင်ကြသည်။

ချုံ့မြေပုံအရ ဝဲကြီးအောက်စုကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများသည်ဟု ယူဆရပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်း ချိတ်ဆက်ပြ မြေပုံသုံးသပ်ချက်

ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်း အသီးသီးတို့၏ ချိတ်ဆက်ပုံ သိရှိရန်နှင့် ချိတ်ဆက် ဆောင်ရွက်တတ်စေရန် ရည်ရွယ်ပါသည်။


ကျေးရွာတွင်း အဖွဲ့အစည်းများ အဖြစ် အုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့နှင့် လူထုဗဟိုပြုအဖွဲ့တို့အား တွေ့ရှိရပါသည်။ အဖွဲ့အစည်းများ အပြန်အလှန် ချိတ်ဆက် ဆောင်ရွက်လျှက်ရှိကြောင်း တွေ့ရသည်။

အုပ်စု အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ် အုပ်ချုပ်ရေး အဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ နှင့်လည်း ချိတ်ဆက်နေသော အဖွဲ့အစည်း အသီးသီး ရှိကြပါသည်။

အဖွဲ့အစည်းတိုင်းသည် ရပ်ရွာဖွံ့ဖြိုးတိုးတက် စေရန် အားလုံး ဝိုင်းဝန်း ဆောင်ရွက်ကြသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(င) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>




ပင့်ကူအိမ်ကွန်ယက်

# ပင့်ကူအိမ်သုံးသပ်ချက်

ပင့်ကူအိမ်သုံးသပ်မှုပြုလုပ်ခြင်း၊ ကမ္ဘာသည် ကျား - မ ရေးရာ တန်းတူ ညီမျှမှုအပေါ် အလေး ထားသော ဆန်းစစ်ချက်တစ်ခု ဖြစ်ပါသည်။


အမျိုးသမီးများ၏ တိုးတက်မှုအများဆုံး ကမ္ဘာမှာ အိမ်တွင်းမှုနှင့် ပညာရေး လက်လှမ်းမှီမှုပင် ဖြစ်သည်။ အမျိုးသမီးများ ဦးဆောင်မှု အားနည်းခြင်းနှင့် အကြံပေးဆုံးဖြတ်မှု အားနည်းခြင်းမှာ ရှေးအစဉ်အလာအား လက်ခံကျင့်သုံးနေခြင်း၊ ဦးဆောင်ရာတွင် မဝံ့ရဲခြင်း၊ ရှက်ကြောက်ခြင်းတို့ကြောင့် ဖြစ်သည်ဟု သုံးသပ်မိပါသည်။


အမျိုးသားများသည် ဦးဆောင်မှု၊ ဆုံးဖြတ်မှု၊ ဝင်ငွေရှာဖွေနိုင်မှုတို့တွင် ရာခိုင်နှုန်းများ ကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာတိုင်းတွင် ကျား မ တန်းတူညီမျှမှု ဖြစ်တည်လာစေရန် အမျိုးသားများမှ အမျိုးသမီး များကို နေရာပေး၍ အားပေး လက်တွဲခေါ်ယူ လုပ်ဆောင်၍ အမျိုးသမီးများ ရဲဝံ့စွာ ဆုံးဖြတ် ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာတိုင်းတွင်း တက်ကြွစွာ ဦးဆောင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းများ လုပ်ဆောင်တတ်ရပေမည်ဟု သုံးသပ်မိပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှုသုံးသပ်ချက်





အရင်းအမြစ် များအပေါ်လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

# အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုသုံးသပ်ချက်

အရင်းအမြစ်များတွင် သဘာဝအရင်းအမြစ်နှင့် လူမှုအရင်းအမြစ်များ ရှိပါသည်။


အမျိုးသားများသည် နွား ၊ နွားလှည်း ၊ မောကား တို့အား အသုံးပြုကြသည်။ အမျိုးသမီးများသည် ကြက်၊ ခမောက်၊ အပ်ချုပ်စက် တို့အား အသုံးပြုကြသည်။ လယ်၊ ကိုင်း ၊ ချောင်း ၊ ဝါးခြံ ၊ ဆိုလာမီး၊ ရေစုပ်စက်၊ ရေကန် ၊ ဆိုင်ကယ် ရေတွင်း တို့ကို နှစ်ဦးနှစ်ဖက် အသုံးပြုကြပါသည်။

ထိန်းချုပ်မှု နှင့်ဆုံးဖြတ်မှုများတွင် အမျိုးသားများ ကသာ ပိုမိုဆုံးဖြတ်ခွင့်များသည်ကို တွေ့ရပါသည်။ နှစ်ဦးနှစ်ဖက် တိုင်ပင် ဆုံးဖြတ်ကြသော အရာများမှာ နွား ၊ မောကား၊ ကြက်နှင့် ဆိုလာမီး တို့ ဖြစ်ကြပါသည်။

အရင်းအမြစ်များကို ကျား - မ တန်းတူ အချိုး ညီစွာ အသုံးပြုကြသော်လည်း အရေးကြီးသည့် ဆုံးဖြတ်ခွင့် များ ၊ ထိန်းချုပ်မှုများကို အမျိုးသားများကသာ ဆောင်ရွက် ကြောင်း တွေ့ရပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲပြဿနာများ

## အခက်အခဲပြဿနာအပေါ် သုံးသပ်ချက်

ကျေးရွာ၏ အခက်အခဲပြဿနာများမှာ ကျေးရွာ၏ စိန်ခေါ်မှုပင်ဖြစ်သည်။


အမျိုးသားများ၏ အခက်အခဲများမှာ သဘာဝဘေးအန္တရာယ်ကြုံတွေ့သည့်အခါတွင် လျင်မြန်စွာ တုံ့ပြန်နိုင်မှုခက်ခဲခြင်း၊ ကျန်းမာရေးနှင့် လျင်မြန်စွာ ဆေးကုသခွင့်ခက်ခဲခြင်း၊ လျှပ်စစ်မီးမရရှိသောကြောင့် ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ ပညာရေးဆိုင်ရာကျောင်းသားကျောင်းသူများ သွားလာရန် လမ်းပန်းမကောင်းခြင်း၊ မြေအောက်ကျောက်ဖျာရှိနေသဖြင့် ရေခက်ခဲခြင်းတို့ဖြစ်ကြပါသည်။

အမျိုးသမီးများ ရင်ဆိုင်ရသည့် အခက်အခဲများမှာ မြေအောက်ကျောက်ဖျာရှိ၍ ရေရရန်ခက်ခဲခြင်း၊ မိုးတွင်း ချောင်းရေလျှံနေတိုင်း ကူးခက်ခဲခြင်း၊ ဝင်ငွေထက် ထွက်ငွေများပြားနေခြင်း၊ စည်းလုံးညီညွတ်မှုအားနည်းခြင်း၊ လမ်းဆက်သွယ်ရေး မကောင်းမွန်ခြင်းတို့ဖြစ်ပါသည်။

ဤအခက်အခဲအားလုံးသည် ဝါကြီးဖောက်ရွာ ကျေးရွာသူ၊ ကျေးရွာသားများအမှန်တကယ်ပင် ကြုံတွေ့နေရသောအခက်အခဲများပင်ဖြစ်ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(၈) ကျေးရွာမျှော်မှန်းချက်အပေါ်သုံးသပ်ခြင်း</u>




မျှော်မှန်းချက်

# ကျေးရွာမျှော်မှန်းချက်အပေါ်သုံးသပ်ခြင်း

ကျေးရွာ၏ မျှော်မှန်းချက်များတွင် အမျိုးသား နှင့်အမျိုးသမီး တူညီသော မျှော်မှန်းချက်များနှင့် မတူညီသော မျှော်မှန်းချက်များ ရှိကြပါသည်။


အမျိုးသား နှင့်အမျိုးသမီး တို့၏ တူညီသော မျှော်မှန်းချက်မှာ မီးထိန်ထိန် လင်းချင်သည့် မျှော်မှန်းချက်ရှိကြသည်။

အမျိုးသားများသည် လူပျော်ကျေးမှုနှင့်အတူ သာယာသောလူ့ဘောင်သစ်တွင် နေထိုင်လိုကြခြင်း၊ တရားဥပဒေစိုးမိုးကာ အေးချမ်းသာယာစွာနေထိုင်လိုခြင်း၊ ကွန်ကရစ်လမ်းကြီးဖြစ်ရန်၊ တရားဥပဒေနှင့် အညီ လူ့အခွင့်အရေး ပြည့်ဝစွာ ရရှိချင်ပါသည်။

အမျိုးသမီးများသည် ရွာတွင်းလမ်းလေး ကောင်းစေချင်သည်၊ စာကြည့်တိုက်ရှိပြီး ဖွံ့ဖြိုးတိုးတက်စေချင်သည်၊ ကျန်းမာရေးအတွက်ဆေးပေးခန်းလေးရှိချင်၊ ပညာရေးအတွက် ခေတ်မှီ ဖွံ့ဖြိုးတိုးတက်စေချင်ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>( ၅) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>



အုပ်စု-ရွှေပန်းတော၊ ကျေးရွာ-ဝဲကြီးအောက်ရ၊ ရက်စွဲ- ၁၅.၁၂.၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး လုပ်ငန်းခွဲများ

| စဉ် | ဦးစားပေး လုပ်ငန်းခွဲများ | အသင်း | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဆေးပေးခန်း | ၅ | ၁ | ၁ | ၂ |
| ၂ | လျှပ်စစ်မီး | ၄ | ၄ | ၅ | ၉ |
| ၃ | ရွာတွင်းကျောက်ချောလမ်း | ၂ | ၉ | ၁၄ | ၂၃ |
| ၄ | ရွာတွင်းချောင်းကျောက်လမ်း | ၁ | ၁၃ | ၂၀ | ၃၃ |
| ၅ | စာကြည့်တိုက် | ၃ | ၆ | ၇ | ၁၂ |

ဦးစားပေးလုပ်ငန်းများ

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ သုံးသပ်ချက်

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ထုတ်ခဲ့ကြပါသည်၊

အမျိုးသားများသည် ဖွံ့ဖြိုးရေး လုပ်ငန်းများ ကို ဝင်ပြဲ့ကြပါသည်၊ အဓိက ဦးစားပေး လုပ်ငန်းများမှာ ရေမြောင်း ရွာတွင်း ချောင်း ကျောက်လှေခါးခင်း ရန် ဂိုလ်ထား ကြပါသည်။

အမျိုးသမီးများ၏ အဓိက ဦးစားပေး လုပ်ငန်း မှာလည်း ရွာတွင်း ချောင်း ကျောက်လှေခါး ခင်းခြင်း လုပ်ငန်း ဖြစ်ပါသည်။

အခြားသော ဖွံ့ဖြိုး ရေး လုပ်ငန်း များ မှာ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်း၊ သီးနှံမျိုး ထုတ်စိုက် ပျိုးရေးလုပ်ငန်း၊ ကျန်းမာရေး အတွက် သင်တန်းများ၊ ရွာတွင်း စာကြည့်တိုက်၊ ဆေးပေးခန်း၊ လယ်ယာသုံး ထွန်စက်၊ တစ်ရွာလုံး မီးလင်း ရန်အတွက် လျှပ်စစ်မီး နှင့် အပ်ချုပ်တတ်သင်တန်း များ ဖြစ်ကြပါသည်။

၎င်းလုပ်ငန်း များကို အကောင်အထည် ဖော်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအကျိုး တစ်ထောင့်တစ်နေရာမှ ပံ့ပိုး ပေး နိုင်ပါသည်။

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





# ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

နယ်မြို့ ။ ရွှေပန်းတော      ကျေးရွာ ။ ဝဲကြီးအောက်ရွာ

စတင်ဖွဲ့စည်းသည့်ရက်စွဲ ။ ၁၄.၁၂.၂၀၁၆

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးမြင့်နိုင် | 09.261072302 | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်သိမ့်သိမ့်ထွေး | 09.264320278 | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်ကျော်လင်း | 09.454510595 | |
| ၄ | | အဖွဲ့ဝင် | ဒေါ်ဥမ္မာကြွင် | 09.773798198 | |
| ၅ | | အဖွဲ့ဝင် | ဦးနေမျိုးထွဋ် | 09454494882 | |
| ၆ | စောင့်ကြည့်စီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဥမ္မာမြင့် | 09788794259 | |
| ၇ | | အဖွဲ့ဝင် | ဦးမြင့်စိုး | – | |
| ၈ | | အဖွဲ့ဝင် | - | | |
| ၉ | လည်ပတ်ရေး နှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်တင်ဆွေဦး | 09259189700 | |
| ၁၀ | | အဖွဲ့ဝင် | ဦးရဲခင်ထိုက် | 09452146437 | |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်ထွေးစိန် | 09.792933530 | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်သန္တာအောင် | 09.454510595 | |
| ၁၃ | အငြင်းပွားမှုတိုင်ကြားဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးကြာညိုသိန်း | 09.264711815 | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်မြင့်အေး | - | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးသန်းဝင်းအောင် | 09780654550 | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်အေးမိစံ | – | |

<u>တာဝန်ကျဝန်ထမ်းများ</u>

- လူထုစည်းရုံးရေးမှူး - ဒေါ်အိအိခိုင်
- လက်ထောက်နည်းပညာမှူး - ဒေါ်ခိုင်ဖူးဝေကျော်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်၊* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးစိန်ဝင်း | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် - | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်အိအိခိုင် | |
|---|---|---|---|
| ~~ပြည်နယ်~~၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရွှေပန်းတော | ကျေးရွာ ဝဲကြီး အောက်စု |

### က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၃၂ | ဘာသာ (၁) -ဗုဒ္ဓဘာသာ- | ၃၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆ - ကျား-၄ / မ-၂ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)----ဗမာ | ၅၂ | ၅၉ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၂၈ | ၄ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက်<br>ရေကန် | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| ...ယတန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် - | | | မှတ်ချက် - | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား _____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ဖာလုံ --------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျှင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--------၁၀မိနစ်-------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျှင်/လား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------- ၂၀၀၆ မာလာမုန်တိုင်း
၂၀၁၅ ရေကြီး
၂၀၁၆ ရေကြီးရေလျှံ

**(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) -----------------------------------

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးစိုးဝင်း | |
| | လက်မှတ် | နေ့စွဲ ၁၄.၁၂.၂၀၁၆ |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ဒီဒီခိုင် | |
| | လက်မှတ် | နေ့စွဲ ၁၄.၁၂.၂၀၁၆ |

# ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်ခင်မြင့် | | | |
| နေ့စွဲ ၁၄.၁၂.၂၀၁၆ ~ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် . ကြံခင်း | ကျေးရွာအုပ်စု . ရွှေဟင်းတော | ကျေးရွာ . ဝဲကြီးအောက်စု |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၄.၁၂.၁၆ | ၁၄.၁၂.၁၆ | ၆ | ၁၇ | ၂၃ | - | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၅.၁၂.၁၆ | ၁၅.၁၂.၁၆ | ၈ | ၁၇ | ၂၅ | | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃၁.၁၂.၁၆<br>၃.၁.၁၇ | ၃၁.၁၂.၁၆<br>၃.၁.၁၇ | ၁<br>၁ | ၃<br>၁ | ၄<br>၂ | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၂.၁၇ | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၆.၂.၁၇ | ၁၆.၂.၁၇ | ၁၅ | ၉ | ၂၄ | ၂၄ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၃.၂.၁၇ | ၂၃.၂.၁၇ | ၁၅ | ၉ | ၂၄ | ၂၄ | " |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၃.၂.၁၇ | | ၁၅ | ၉ | ၂၄ | ၂၄ | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၃.၂.၁၇ | ၂၃.၂.၁၇ | ၁၅ | ၉ | ၂၄ | - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၃.၂.၁၇ | ၂၃.၂.၁၇ | ၁၅ | ၉ | ၂၄ | - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၃.၂.၁၇ | ၂၃.၂.၁၇ | ၁၅ | ၉ | ၂၄ | - |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၉.၃.၁၇ | ၉.၃.၁၇ | ၇ | ၈ | ၁၅ | - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၂၀.၃.၁၇ | ၂၀.၃.၁၇ | ၇ | ၈ | ၁၅ | - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၃.၄.၁၇ | ၃.၄.၁၇ | ၇ | ၈ | ၁၅ | - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၆.၄.၁၇ | ၆.၄.၁၇ | ၇ | ၈ | ၁၅ | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၇.၄.၁၇ | ၇.၄.၁၇ | ၂၃ | ၂၈ | ၅၁ | - |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| *လမ်းညွှန်ချက်၊* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်အိအိခိုင် | |
| နေ့စွဲ ၁၅.၁၂.၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) √ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း ကျေးရွာအုပ်စု ရွှေပန်းတော်ကျေးရွာ - ဝဲကြီးအောက်ရွာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | သဘာဝဘေးအန္တရာယ်ကြုံတွေ့သည့်အခါတွင် လျင်မြန်စွာတုံ့ပြန်နိုင်ရန်ခက်ခဲခြင်း။ | ၁ | မြေအောက်ကျောက်များခံနေခြင်းကြောင့် ရေမရရှိခြင်း။ |
| ၂ | ကျန်းမာရေး ကိစ္စများ နှင့် ကြုံတွေ့သည့်အခါ အခက်အခဲများ ရှိခြင်း။ | ၂ | မိုးတွင်း ရေလျှံခြင်းကြောင့် နေထိုင်မှု အခက်အခဲ ဖြစ်ခြင်း။ |
| ၃ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း။ | ၃ | ဝင်ငွေနှင့် ထွက်ငွေ မမျှတခြင်း။ |
| ၄ | လျှပ်စစ်မီး မရှိခြင်းကြောင့် ဖွံ့ဖြိုးမှု နှောင့်နှေးခြင်း။ | ၄ | စည်းလုံးညီညွတ်မှုမရှိခြင်း။ |
| ၅ | မိုးတွင်းခါတွင် ကျောင်းသူကျောင်းသားများ သွားလာမှုခက်ခဲခြင်း။ | ၅ | လမ်းပန်း ဆက်သွယ်ရေး အခက်အခဲရှိခြင်း။ |
| ၆ | မြေအောက်ကျောက်ပါရှိ၍ သောက်သုံးရေ ခက်ခဲခြင်း။ | ၆ | |
| ၇ | | ၇ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်မီး ထိန်ထိန် လင်းချင်သည်။ | ၁ | ရွာတွင်မီးထိန်ထိန်လင်းစေချင်သည် |
| ၂ | လူထုသည်ကျေးရွာနှင့်အတူ သာယာသော လူ့ဘောင်သစ်ရောက်ချင်ပါသည်။ | ၂ | လမ်းကောင်းကောင်း ဖြစ်စေချင်သည် |
| ၃ | တရားဥပဒေစိုးမိုး၍ အေးချမ်းစွာ နေလိုသည်။ | ၃ | စာကြည့်တိုက်ရှိပြီး ၊ ဖွံ့ဖြိုးတိုးတက်စေချင်သည်။ |
| ၄ | ကွန်ကရစ်လမ်းလေး ဖြစ်စေချင်သည်။ | ၄ | ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးပေးခန်း ရှိစေချင်သည်။ |
| ၅ | တရားဥပဒေနှင့်အညီ လူ့အခွင့်အရေး အပြည့်အဝ ရချင်ပါသည်။ | ၅ | ပညာရေးနှင့်ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်စေချင်သည်။ |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်း ချောင်းကျောက် လမ်း | အမျိုးသား+အမျိုးသမီး | (၃၅) သိန်း | ၁၁၁ ဦး |
| ၂ | ရွာတွင်းကျောက်ချော လမ်း | အမျိုးသား+အမျိုးသမီး | (၁၀၀) သိန်း | ၁၁၁ ဦး |
| ၃ | စာကြည့်တိုက် | အမျိုးသား+အမျိုးသမီး | ၆၀ | ၁၁၁ ဦး |
| ၄ | လျှပ်စစ်မီး | အမျိုးသား+အမျိုးသမီး | ၁၀၀ | ၁၁၁ ဦး |
| ၅ | ဆေးပေးခန်း | အမျိုးသား+အမျိုးသမီး | (၁၅၀) သိန်း | ၁၁၁ ဦး |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မွေးမြူရေး လုပ်ငန်း | အမျိုးသား+အမျိုးသမီး | |
| ၂ | စိုက်ပျိုးရေး လုပ်ငန်း | အမျိုးသား+အမျိုးသမီး | |
| ၃ | လယ်ယာသုံး ထွန်စက် | အမျိုးသား | |
| ၄ | ကျန်းမာရေး စောင့်ရှောက်မှု သင်တန်း | အမျိုးသမီး | |
| ၅ | အပ်ချုပ်စက် သင်တန်း | အမျိုးသမီး | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး ဖြင့်နိုင် လက်မှတ် (signature) နေ့စွဲ ၁၅ . ၁၂ . ၂၀၁၆

ဒေါ်သိန်းသိန်းဌေး (signature) ၁၅ . ၁၂ . ၂၀၁၆

# အစည်းအဝေးမှတ်တမ်း

**လူထုဗဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း )**

**ကျေးရွာအုပ်စု -** ရွှေပန်းတော

**ကျေးရွာ -** ဗဲကြီးအောက်စု

**ပထမအကြိမ်ကျေးရွာအစည်းအဝေး**

**ရက်စွဲ-** ၁၄ . ၁၂.၂၀၁၆

ဗဲကြီးအောက်စုကျေးရွာ၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၁၄.၁၂.၁၆ )ရက်နေ့တွင် ရပ်မိရပ်ဖတစ်ဦး နေအိမ်၌ ဦးကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင် ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုးမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာ့ဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၆)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥတ္စာခနအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

Jhuy

ဒေါ်အိအိခိုင်

**လူထုစည်းရုံးရေးမှုး**

# အစည်းအဝေးမှတ်တမ်း

လူထုဖဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု** - ရွှေဟုန်းတော

**ကျေးရွာ** - ဝါကြီးအောက်စု

**ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

**ရက်စွဲ** - ၁၅.၁၂.၂၀၁၆

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို( ၁၅.၁၂.၂၀၁၆)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။အစည်းအဝေးကို နံနက်( ၉ )နာရီတွင်စတင်ခဲ့ပါသည်။ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL )များအား ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ်ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်းအစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီးတစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေးလုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာစီ/ထောက်ကော်မတီဝင်များမှ ၄င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၄င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဒေါ်ဒီဒီခိုင်
**လူထုစည်းရုံးရေးမှူး**

ရွှေဟုန်းတော အုပ်စု၊

ရွှေပန်းတောအုပ်စု ဝဲကြီး (အောက်စု) ကျေးရွာ

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

## ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရွာတွင်းချောင်းကျောက်လမ်း | ကျား / မ | ၂၀၁၇ | ပူတုဖယ်ဒိုပြု | |
| | ၂ | ရွာတွင်းကျောက်ချောလမ်း | ကျား / မ | ၂၀၁၈ | " | |
| | ၃ | စာကြည့်တိုက် | ကျား / မ | ၂၀၁၉ | " | |
| | ၄ | ကျေးရွာဆေးပေးခန်း | ကျား / မ | ၂၀၁၉ | " | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | မွေးမြူရေးလုပ်ငန်း | ကျား / မ | | | မွေးမြူရေးဌာန |
| | ၂ | စိုက်ပျိုးရေးလုပ်ငန်း | ကျား / မ | | | စိုက်ပျိုးရေးဌာန |
| | ၃ | အပ်ချုပ်စက်သင်တန်း | မ | | | ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အာဟာရ | ၁ | ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း | မ | | | ကျန်းမာရေးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | လျှပ်စစ်မီး (မီးတိုင်၊ မြေဒို၊ မီးကြိုးများ) | ကျား / မ | ၂၀၁၉ | ပူတုဖယ်ဒိုပြု | EPC |
| | ၂ | လယ်ယာသုံးထွန်စက် | ကျား | | | စက်မှုလယ်ယာ |
| | | | | | | |
| | | | | | | |
| | | | | | | |